ဖွန် (၁၃)

## သူ၏နှုတ်ကပတ်တော်ကတိ၌ ဘုရားသခင်အားတောင်းခံပါ။

**ဘုရား**သခင်က ပြောသောကြောင့် မိမိတို့အနေနှင့် သူ၏နှုတ်ကပတ်တော်ကို ရိုးရိုးလေးယုံကြည်လိုက်ရန်သာ ဖြစ်သည်။ ဘုရားရှင်သည် မိမိတို့အား သူ၏နှုတ်ကပတ်တော်၌ ယုံကြည်ခြင်း ရှိနေစေချင်သည်ဖြစ်ရာ အမြဲဆိုသကဲ့သို့ နမိတ်လက္ခဏာများကို ရရန်မဟုတ်ပါ။

မိမိတို့မမြင်နိုင် မခံစားနိုင်သော အရာတစ်ခုတွင် သူ၏နှုတ်ကပတ်တော်အား ယုံကြည်မှုသက်သက်ဖြင့် မိဘကိုသားသမီးငယ်လေးက ယုံကြည်ရမည်ဖြစ်သကဲ့သို့ မိမိတို့အနေနှင့်လည်း ယုံကြည်ရမည်ဖြစ်ကြောင်း တစိုက်မတ်မတ် ပြောဆိုနေပါသနည်း? ဘုရားသခင်သည် ယုံကြည်ခြင်းကို နှစ်သက်သောကြောင့်ပင် ဖြစ်သည်။ မိမိတို့သည် သူ့ကိုယုံကြည်သောကြောင့် ထိုအရာကိုသူပြော၍ ဖြစ်သောကြောင့်သာဖြစ်၍ ယုံကြည်ကြသောကြောင့် သူသည်မိမိတို့အားချစ်သည်။ ဤသည်မှာ မိမိတို့၏ချစ်ခြင်း သူ၌မိမိတို့၏ ယုံကြည်ခြင်းကို ပြသရာနည်းလမ်းတစ်ခုပင် ဖြစ်သည်။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင် ရှိသတော်မူသည်ကိုငင်း ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုငင်း ယုံကြည်မည်။" (ဟေဗြဲ ၁၁း၆)

ဤအခြင်းအရာက ကလေးငယ်တစ်ဦးအနေနှင့် အစဉ်အမြဲဆိုသလို မည်သည့်အရာကို လုပ်ရမည် မလုပ်ရမည်ကို နားမလည်နိုင်သော်လည်း မိဘများအား ယုံကြည်ကိုးစားရမည်ဖြစ်သော အနေအထားနှင့်တူသည်။ သူ့အနေနှင့် "အဖေပြောလို့လုပ်ရမယ်" ဟူ၍ သာဖြစ်ရမည်။ ကလေးငယ်က သူ၏မိဘများကို ယုံကြည်ကိုးစားပြီး သူတို့၏ ချစ်ခြင်းမေတ္တာ၌ လုံခြုံစိတ်ချရမှုကို ခံစားရ၍ ၎င်းတို့၏စကားကို ယုံကြည်လက်ခံသည်။ မိမိတို့သည်လည်း ဘုရားသခင်နှင့် ပတ်သက်လာလျှင် ဤအတိုင်းပင်ဖြစ်သင့်သည်။ မိမိတို့အနေနှင့် "ဟုတ်ကဲ့ပါ"ဟုပြောပြီး ထိုအရာကိုသူက ပြောသောကြောင့် ၎င်းကိုယုံကြည်ပြီး ၎င်းကို ရိုးရိုးလေး လုပ်ဆောင်သွားရုံသာဖြစ်သည်။